ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

(၁၄)ရက်မြောက်နေ့ အစည်းအဝေး အကျဉ်းချုပ်

**၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁၄ ရက်**

**( ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက် )**

**[တနင်္လာနေ့]**

၁။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပပါသည်။

**မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း**

၂။ မေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည် -

( က ) ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၏ **မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ကျောင်းရွာကျေးရွာမှ အထက်ပိုင်းရှိ သွားလာရခက်ခဲသော ကျေးရွာများသို့ ရာသီမရွေးဆက်သွယ်သွားလာနိုင်ရန် လိုအပ်သော ချောင်းကူးတံတားများနှင့် ကွန်ကရစ်လမ်းများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှစတင်ပြီး တည်ဆောက်ဖောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် က ဒေသခံများနှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်များက သတ်မှတ်လမ်းအကျယ်ရရှိစေရန် အသေးစိတ်ကွင်းဆင်းလေ့လာစိစစ်ညှိနှိုင်း၍ မွန်ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြပေးရန် လိုအပ်မည်ဖြစ်ပြီး မွန်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မြေယာကိစ္စများ ပြီးပြတ်အောင်ဆောင်ရွက်၍ စိစစ်ထောက်ခံတင်ပြလာပါက ပြည်ထောင်စု သို့မဟုတ် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်စီမံကိန်းတွင် ထည့်သွင်းလျာထားပေးမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

( ခ ) ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၏ **ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်၊ ရိဒ်လမ်းခွဲ - မှောင်ကွန်(ရွာဟောင်း) - မှောင်ကွန်(ရွာသစ်) - လေးလက်လမ်းအား (၂၄)ပေအကျယ် လမ်းတာချဲ့ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် က ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေတွင် အဆိုပြုလျာထားပြီး ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

( ဂ ) ဦးဝေ့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၏ **ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ မီးဇာကျေးရွာတွင် သန့်ရှင်းသောရေရရှိရေးအတွက် စိမ့်စမ်းရေသွယ်ယူပေးရေးလုပ်ငန်းကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် ပထမ(၆)လ ဘတ်ဂျက်**

**တွင် ပြည်ထောင်စုဘတ်ဂျက်ဖြင့် လျာထားဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် က သက်ဆိုင်ရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ဒေသခံပြည်သူလူထုပူးပေါင်း၍ ရေထွက်တည်ရှိသည့်နေရာမှ ရေစုကန်၊ ရေစစ်ကန် တည်ဆောက်မည့်နေရာ၊ ရေသွယ်ယူရမည့် မိုင်အကွာအဝေးတို့ကို ကွင်းဆင်း စိစစ်စေမည်ဖြစ်ပြီး ဖြစ်နိုင်ခြေရှိပါက ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ် မူတည်၍ သင့်တော်သည့် ဘဏ္ဍာရေးနှစ်တွင် ချင်းပြည်နယ်အစိုးရအဖွဲ့၏ နယ်စပ်ဒေသ ဖွံ့ဖြိုးရေး(ပြည်နယ်)ရန်ပုံငွေတွင် ထည့်သွင်းလျာထား ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

(ဃ) ဦးမင်းနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ **စစ်ကိုင်းတိုင်း ဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လေရှီးမြို့နယ်၊ မိုပိုင်းလွတ်မြို့နှင့် ဆွမ္မရာမြို့ မြို့ချင်းဆက်လမ်း ဖောက်လုပ်ရာတွင် ကျန်ရှိသော မြေသားလမ်း (၁၀)မိုင်ခန့်နှင့် ထိုလမ်းပိုင်းပေါ်ရှိ တံတား(၆)စင်းအား ဆက်လက်ဆောင်ရွက် ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် က ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တို့တွင် ထည့်သွင်းလျာထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

( င ) ဦးနိုင်သီဟ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၏ **မွန်ပြည်နယ်၊ ရေးမြို့နယ်၊ သဃ်န်းကျွန်းကျေးရွာအုပ်စုရှိ သဃ်န်းကျွန်း - ပိုင်ဝမ်းကျေးရွာချင်းဆက် မြေသားလမ်း နှင့် စိန်ကြီး-သာယာကုန်း ကျေးရွာချင်းဆက် မြေသားလမ်းတို့ကို ရာသီမရွေးသွား လာနိုင်သော ကျောက်ခင်းလမ်းများအဖြစ် လာမည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် တွင် လျာထားဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် က သတ်မှတ်လမ်း အကျယ်ရရှိစေရန် ဒေသခံများနှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်များက ဦးစွာ ပထမ ကွင်းဆင်းလေ့လာစိစစ်ညှိနှိုင်း၍ မွန်ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ မွန်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မြေယာကိစ္စများ ပြီးပြတ်စေရန် စိစစ်ထောက်ခံတင်ပြလာပါက ဒေသအတွက်အကျိုးရှိထိရောက်မှု ဦးစားပေးအဆင့်သတ်မှတ်ကာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တင်ပြတောင်းခံ ပေးမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ် ကြောင်း ရှင်းလင်းဖြေကြားသည်။

( စ ) ဦးဘွဲ့ခိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ **ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၏ တောင်ဘက် မာရာတောင်ကြောရှိ ကျေးရွာများ၏ ကျေးရွာချင်းဆက် လမ်းများနှင့် လအိုသိုးတောင်ကြောရှိ ကျေးရွာများ၏ ကျေးရွာချင်းဆက် လမ်းများအား (၂၄)ပေ အကျယ် လမ်းတာချဲ့ပေးရန်နှင့် ရာသီမရွေးသွားလာ နိုင်သောလမ်းများအဖြစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ ခွဲဝေ ချထားပေးရန်** အစီအစဉ် ရှိ/မရှိ

မေးခွန်းနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွန်း က ချင်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးပြည်နယ်ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ခွင့်ပြုရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

( ဆ ) ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၏ **ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ နာဘုန်းကျေးရွာအုပ်စု ဒါရိုစုံးကျေးရွာနှင့် ဒိုင်ဒင်းကျေးရွာ အုပ်စု၊ ရွှေတောင်ကျေးရွာကြား (၁၆)မိုင်ခန့်အား ကုန်ထုတ်လမ်းအဖြစ် ဖောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီး ဗိုလ်ချုပ်သန်းထွန်း က လမ်းအူကြောင်း ကွင်းဆင်းစစ်ဆေးခြင်း၊ မိုင် အကွာအဝေး တိုင်းတာစစ်ဆေးခြင်းတို့ကို ကွင်းဆင်းစစ်ဆေးစေမည်ဖြစ်ပြီး ဒေသ အတွက် အမှန်တကယ်ဆောင်ရွက်ရန်လိုအပ်ပြီး အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း သက်ဆိုင်ရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီမှ ထောက်ခံတင်ပြလာပါက ဘဏ္ဍာငွေ ခွဲဝေရရှိမှုအပေါ် မူတည်ပြီး သင့်တော်သည့်ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့၏ ဖြေကြားချက်အရ ရှင်းလင်း ဖြေကြားသည်။

**ဥပဒေကြမ်း အသိပေးတင်ပြခြင်းနှင့် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

၃။ ဥက္ကဋ္ဌ က အမျိုးသားလွှတ်တော် က အတည်ပြုပြီး ပေးပို့ထားသော ယဉ်ကျေးမှု အမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

**အစီရင်ခံစာ ဖတ်ကြားခြင်းနှင့် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

၄။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိန်းလွင် (ဥပဒေကြမ်းကော်မတီဝင်) က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းပြီး ဥက္ကဋ္ဌ က ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

၅။ အစည်းအဝေးကို ၁၀း၅၄ နာရီ အချိန်တွင် ရပ်နားပြီး (၁၅)ရက်မြောက်နေ့ အစည်းအဝေးကို ၂၀-၂-၂၀၁၉ ရက်နေ့ (ဗုဒ္ဓဟူးနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

**အမျိုးသားလွှတ်တော်**